
Burnet
reach for the many
လူ့အဖွဲ့အစည်းအတွင်း
မသန်စွမ်းသူများအတွက်
ပံ့ပိုးကူညီမှုနှင့် အခွင့်အလမ်းများ
ပိုမိုရရှိစေရန် ရည်သန်ခြင်း
This book and programme
are brought to you by the Burnet Institute,
dedicated to advancing
disability inclusion and accessibility.

**မသန်စွမ်းသူများသည် ကိုယ်ပိုင်ရွေးချယ်နိုင်ခွင့်၊ အမှီအခိုကင်းစွာ ရပ်တည်နိုင်ခွင့်နှင့် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်အပါအဝင် လူမှုအသိုင်းအဝိုင်းအတွင်း အများနည်းတူ ဂုဏ်သိက္ခာရှိစွာ ရှင်သန်ပါဝင်ခွင့်ရှိပြီး မိသားစု၊ အဖွဲ့အစည်းနှင့် ပတ်ဝန်းကျင်ထံမှ ပံ့ပိုးမှုများ ရရှိပိုင်ခွင့်ရှိပါသည်။**

မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် (အပိုဒ် ၃ နှင့် ၁၉)

ReBUILD for Resilience examines health systems in fragile settings experiencing violence, conflict, pandemics and other shocks.
We produce high-quality, practical, multidisciplinary and scalable health systems research which can be used to improve the health and lives of many millions of people.

We would like to express our heartfelt thanks to Shwe Inn Arr Organization of persons with disabilities, Mr. Nay Lin Soe ( Disability Inclusion Consultant) and Studio Joosk who worked together to bring this coloring book to life. Your creativity, dedication, and collaboration have made this project truly special.

ReBUILD FOR RESILIENCE


Burnet
reach for the many

UKaid
from the British people



သင်ဘယ်လို
နားလည်ထားလဲ




မသန်စွမ်းမှုဆိုတာ ဘာလဲ။




အတားအဆီးများ




ချို့ယွင်းမှု + အတားအဆီးများ = မသန်စွမ်းမှု


မိသားစု
နားလည်ပံ့ပိုးပေးမှု
ပတ်ဝန်းကျင်





မိသားစုနှင့် ပတ်ဝန်းကျင်၏ နားလည်ပံ့ပိုးပေးမှုဟာ
မသန်သူများစွမ်းဖို့ အရေးပါတဲ့ အဓိက အချက်ပါပဲ။


မသန်စွမ်းသူများ၏
အရေး
ပူးပေါင်း
ဆောင်ရွက်ခြင်း
အသင်းအဖွဲ့များ




စနစ်တကျဖွဲ့စည်းလှုပ်ရှားနေသော မသန်စွမ်းအသင်းအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်းသည် မသန်စွမ်းသူများ၏အရေးကို လုပ်ဆောင်ရာတွင် ပိုမိုထိရောက် အားကောင်းစေသည်။


ကျန်းမာရေးနှင့်
လူမှုရေးလုပ်ငန်းစဉ်များ
သာတူညီမျှ
ကျန်းမာရေးစနစ်




ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းစဉ်များတွင် မသန်စွမ်းသူများ၏အသံနှင့်
အတူတကွ ပူးပေါင်းပါဝင်လာမှုသည် သာတူညီမျှ အားလုံးအကျုံးဝင်သော
ကျန်းမာရေးစနစ်ကို ဖြစ်စေသည်။


လူမှုပတ်ဝန်းကျင်နှင့်
သဟဇာတ
စိတ်နဲ့ကိုယ်
ကျန်းမာရေးအတွက်
လူမှုရေး
(ကျောင်းနဲ့ရပ်ရွာ)
လှုပ်ရှားမှုတွေ




လူမှုရေး (ကျောင်းနဲ့ရပ်ရွာ) လှုပ်ရှားမှုတွေမှာ မသန်စွမ်းသူများကို
အကျုံးဝင်ပါဝင်စေခြင်းဟာ မသန်စွမ်းသူများကို လူမှုပတ်ဝန်းကျင်နှင့်
သဟဇာတဖြစ်စေသည့်အပြင် ၎င်းတို့ရဲ့စိတ်နဲ့ကိုယ်
ကျန်းမာရေးအတွက် များစွာ အထောက်အကူဖြစ်စေပါတယ်။



အတူတကွ
ပူးပေါင်းလုပ်ဆောင်ခြင်း

လူတိုင်း လက်လှမ်းမီ၍
အားလုံးအကျုံးဝင်သော

ကျန်းမာရေးစနစ်နှင့်
ဝန်ဆောင်မှုများ




သက်ဆိုင်ရာ အသင်းအဖွဲ့များအကြား မသန်စွမ်းသူများ၏အရေးကို
ဗဟိုချက်ထား၍ အတူတကွ ပူးပေါင်း လုပ်ဆောင်ခြင်းဖြင့်
လူတိုင်း လက်လှမ်းမီ၍ အားလုံးအကျုံးဝင်သော
ကျန်းမာရေးစနစ်နှင့်ဝန်ဆောင်မှုများကို အကောင်အထည်ဖော်နိုင်သည်။


ကျန်းမာရေး
ဝန်ဆောင်မှုပေးသူများ
မသန်စွမ်းသူများ
အကျိုးဝင်ရေး
ကျွမ်းကျင်မှုများ
မြှင့်တင်ပေးရန်






ကျန်းမာရေး ဝန်ဆောင်မှုပေးသူများအား မသန်စွမ်းသူများ
အကျိုးဝင်ရေးနှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတနှင့် ကျွမ်းကျင်မှုများ
မြှင့်တင်ပေးရန် အလွန် အရေးကြီးသည်။


နေရာထိုင်ခင်းများ စီစဉ်ပေးခြင်း
ကျန်းမာရေး စောင့်ရှောက်မှုများကို လက်လှမ်းမီ
လူမှုရေးလှုပ်ရှားမှု များတွင်လည်း တန်းတူ ပါဝင်






သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများ စီစဉ်ပေးခြင်းဖြင့်
မသန်စွမ်းသူများသည် ကျန်းမာရေး စောင့်ရှောက်မှုများကို
လက်လှမ်းမီ ရယူနိုင်သလို တခြားသော လူမှုရေးလှုပ်ရှားမှုများတွင်လည်း
တန်းတူ ပါဝင်လာနိုင်သည်။


ကျန်းမာရေးဆိုင်ရာ
သတင်းအချက်အလက်များ
မသန်စွမ်းသူများ
နားလည်လက်လှမ်း
မီနိုင်သော ပုံစံများ
မှန်ကန်သော
သတင်းအချက်အလက်များ
ပိုမို ရောက်ရှိ




ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များ မျှဝေရာတွင်
(ဥပမာ – ပုံနှိပ်စာဖြင့် ဖော်ပြဖြန့်ဝေရာတွင်) မသန်စွမ်းသူများ
နားလည်လက်လှမ်းမီနိုင်သော ပုံစံများကိုလည်း ထည့်သွင်း စဉ်းစားခြင်းဖြင့်
၎င်းတို့ထံ မှန်ကန်သော သတင်းအချက်အလက်များ ပိုမို ရောက်ရှိနိုင်သည်။


မျိုးဆက်ပွားကျန်းမာရေး ကိစ္စနှင့် ပတ်သက်၍ ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်
အများနည်းတူ လက်လှမ်းမီစွာ ရယူနိုင်ခွင့်
ကျန်းမာရေး စောင့်ရှောက်မှုများ



မသန်စွမ်းသူများ အားလုံးသည် မိမိတို့၏ မျိုးဆက်ပွားကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ ကိုယ်တိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများကို အများနည်းတူ လက်လှမ်းမီစွာရယူနိုင်ခွင့် ရှိသည်။


မသန်စွမ်းမှုနှင့် ကျားမ
ဖြစ်တည်မှုအပေါ်မခွဲခြား
ENTRANCE
တန်းတူ
လုပ်ဆောင်ပေးခြင်း
အားလုံး
အကျုံးဝင်သော
ကျန်းမာရေးစနစ်




မသန်စွမ်းမှုနှင့် ကျားမ ဖြစ်တည်မှုအပေါ် မခွဲခြားဘဲ
တန်းတူလုပ်ဆောင်ပေးခြင်းသည် သာတူညီမျှ
အားလုံးအကျုံးဝင်သော ကျန်းမာရေးစနစ်ကို ဦးတည်စေသည်။


စွမ်းဆောင်ရည်နှင့်
ဦးဆောင်နိုင်စွမ်း
အသိအမှတ်
ပြုခြင်း
အားလုံးအတွက်
ကျန်းမာရေး
ရည်မှန်းချက်



မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်နှင့် ဦးဆောင်နိုင်စွမ်းကို
အသိအမှတ်ပြုခြင်းဖြင့် အားလုံးအတွက်ကျန်းမာရေး (Health For All)
ရည်မှန်းချက်ကို ပိုမိုပြည့်မီစေနိုင်ပါသည်။



မသန်စွမ်းသူများ
ပါဝင်ရေး

စိန်ခေါ်မှုတွေကို
နားလည်ပြီး

အတားအဆီးတွေကို
အတူတကွ ကျော်လွှား



မသန်စွမ်းသူများ ပါဝင်ရေးဆိုတာ စက္ကူပေါ်က စကားလုံးသက်သက် မဟုတ်ဘဲ သူတို့တွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို နားလည်ပြီး၊ အတားအဆီးတွေကို အတူတကွ ကျော်လွှားကာ လူတိုင်းပါဝင်လာနိုင်အောင် ပူးပေါင်းဆောင်ရွက်ခြင်းပဲ ဖြစ်ပါသည်။

အတွေးတွေကို ပုံဖော်လိုက်ပါ။

Burnet
reach for the many

Burnet
reach for the many

အတွေးတွေကို ပုံဖော်လိုက်ပါ။

Burnet
reach for the many